# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၄၂ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

( ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂ ရက် )

## ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက်အက်ဥပဒေ၏ ဖယောဇဝင်ပြစ်မှုစာရင်းတွင် ပြစ်မှုများဖြည့်စွက်သည့်အမိန့်အမှတ်၊ ၂ / ၂၀၂၀ ကို ပြင်ဆင်သည့်အမိန့်

၁။ ဤအမိန့်ကို ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက်အက်ဥပဒေ၏ ဖယောဇဝင်ပြစ်မှုစာရင်းတွင် ပြစ်မှုများဖြည့်စွက်သည့်အမိန့်အမှတ်၊ ၂/၂၀၂၀ ကို ပြင်ဆင်သည့်အမိန့်ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက်အက်ဥပဒေပုဒ်မ ၁၅ တွင် အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက်အက်ဥပဒေ၏ဖယောဇဝင်ပြစ်မှုစာရင်းတွင် ပြစ်မှုများဖြည့်စွက်သည့် နိုင်ငံတော်သမ္မတရုံး၏ ၃ – ၁ – ၂၀၂၀ ရက်စွဲပါ အမိန့်အမှတ်၊ ၂ / ၂၀၂၀ ၏ အပိုဒ် ၂ ကို အောက်ပါအတိုင်း အစားထိုးရမည် –

> "၂။ ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက်အက်ဥပဒေပုဒ်မ ၁၅ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဖယောဇဝင်ပြစ်မှုများစာရင်းတွင် ၂၄–၁၁–၁၉၇၃ ရက်စွဲဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက အစဉ်(ဆ)အဖြစ် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ပြစ်မှုများကို ဖြည့်စွက်ခဲ့ရာ ယင်းအစဉ် (ဆ) ၏ နောက်၌ အောက်ပါပြစ်မှုများကို အစဉ် (ဇ) နှင့် (ဈ) တို့အဖြစ် ဖြည့်စွက်လိုက်သည်–
>
> (ဇ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊
>
> (ဈ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ အခန်း ၁၂ တွင် ပါရှိသော အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာပြစ်မှုများ၊ ပုဒ်မ ၅၀ (ည) နှင့် ၅၂ (ခ)။"

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ